


**X'mas** နေ့နီးလာကတည်းက ဟိုမှဒီမှ အီးမေးတွေကနေတဆင့် ပို့စကာဒ်အမျိုးမျိုး၊ တေးသီချင်း အဖုံဖုံ ရရှိတယ်။ ဒီနေ့ ခရစ်စမတ်နေ့မှာလည်း ခင်မင်သူအချို့ဆီကနေ ဆုတောင်းစာလေးတွေ၊ လှပပြီး ချစ်စရာကောင်းတဲ့ **X'mas e-**ကဒ်ကလေးတွေကို လက်ခံရရှိနေဆဲ။ ပို့စကာဒ်တိုင်း၊ ပို့စကာဒ်တိုင်းမှာလည်း ရောင်စုံတွေဖြာလို့။ တေးသံတိုင်းကလည်း သာသာယာယာ ငြိမ့်ငြိမ့်ညောင်းညောင်းချည်း။ စိတ်နှလုံး နူးညံ့ဖွယ်ကောင်းစရာ ချည်းသာ။

ခရစ်စမတ်ဆိုလျှင် ဆောင်းနဲ့ မကင်းသလို စနိုးနဲ့လည်း ဘယ်ကင်းလို့ ရမှာလဲ။ ဒါကြောင့် လက်ခံရရှိတဲ့ ကာဒ်တိုင်းနီးပါးမှာ ဖြူဖြူဖွေးနေတဲ့ စနိုးလေးတွေကို အနည်းနဲ့အများဆိုသလို တွေ့ရတယ်။ ခရစ်စမတ်သစ်ပင်တွေ ပေါ်မှာလည်း စနိုးလေးတွေ ဖွေးဖွေးညလို့။ လမ်းတွေပေါ်မှာ၊ ချစ်စရာအိမ်ခေါင်မိုးလေးတွေပေါ်မှာ စနိုးလေးတွေဆိုတာ ဖွေးဖွေးလှုပ်လို့။ ဒီမြင်ကွင်းလေးတွေကြည့်ပြီး ချမ်းစိမ့်စိမ့်ကလေးတောင် ခံစားမိတယ်။ တချို့ပို့စကာဒ်လေးများမှာဆို စနိုးလေးတွေက လှပစွာ တဖွဲဖွဲကျလို့။ ကောင်းကင်ကနေ တဖွားဖွားကျနေတဲ့ စနိုးပွင့်လေးတွေ အောက်ကို ကိုယ် ကိုယ်တိုင်ပြေးလွှားခံစားလိုက်ရသလို။ တကယ့်ကိုမှ ချမ်းမြေ့ကြည်နူးစရာ။ လွမ်းချင့် ရင်ခုံစရာ။

ကိုယ်က ခရစ်ယန်ဘာသာဝင်တစ်ဦးမဟုတ်ပေမယ့် ခုလိုလူသားအချင်းချင်းကြား မေတ္တာထားမှု သင်္ကေတ အဖြစ် အပြန်ပြန်အလှန်လှန် ဆုတောင်းကြတဲ့ ချစ်စရာ ဓလေ့လေးကိုတော့ မြတ်နိုးစွာ တန်ဖိုးထားမိသား။ ပို့ဒကာဒ် လေးတွေ အပြန်ပြန်အလှန်လှန် ပေးပို့နေကြသူတွေ၊ လှပပြီး ခုလိုသိပ်ချစ်စရာကောင်းတဲ့ ပို့စကာဒ်လေးတွေ၊ ကြည်နူး ဖွယ်အလွန်ကောင်းတဲ့ တေးသီချင်းလေးတွေကို စိတ်ရှည်လက်ရှည် ဖန်တီးကြတဲ့ သူတွေအားလုံးကိုလည်း အလွန် ကျေးဇူးတင်နေမိသား။ တဦးတယောက်ရဲ့ တစုံတခု ကြိုးစားအားထုတ်မှုဟာ အနည်းငယ်မျှပင်ဖြစ်စေဦး၊ အခြား တစုံတယောက်အတွက် အနည်းဆုံး စိတ်ချမ်းသာမှုလေးကို ဖြစ်စေနိုင်တယ်ဆိုလျှင်ဖြင့် အကျိုးမယုတ်နိုင်ဘူးလို့ ဆိုရ မှာပေါ့။

ပို့စကာဒ်လေးတွေက အရောင်စုံပေမယ့် အဖြူရောင်ဖက်ကို ကဲနေတတ်တာများတယ်။ အဖြူရောင်က ယဉ် ကျေးမှုတိုင်းနီးပါးမှာ သန့်ရှင်းမှုကို ညွှန်းဆိုတယ် မဟုတ်လား။ နောက်ပြီး အပေါ်ယံအမြင်ထက် အတွင်းသဏ္ဌာန်ရဲ့ ဖြူစင်မှုအထိပါ ရည်ညွှန်းတတ်ကြတယ် မဟုတ်လား။ ဖြူစင်ရိုးသားမှုဆိုတဲ့အရာဟာ ဘယ်လောက်တောင်မှ တန်ဖိုး ထားဖွယ် အရာပါလဲ။ စိတ်ဓာတ်သန့်ရှင်းစင်ကြယ်မှုက ဘယ်လောက်တောင် မြတ်နိုးဖွယ်ကောင်းတဲ့အရာလဲ။ ပို့စ ကာဒ်လေးတွေပေါ်မှာရေးထားတဲ့ စာလေးတွေ၊ ဆုတောင်းလေးတွေကလည်း နှလုံးနူးညံ့ သိမ်မွေ့ဖွယ်လေးတွေချည်း။ အချင်းချင်းတွေကြား အမနာပတွေ ရေးကြပြောကြ၊ တိုက်ကြခိုက်ကြ၊ ဝေဖန်ပြစ်တင်စကား ဆိုတတ်လွန်းကြတာကို ကြားရလွန်းတတ်တဲ့ ကမ္ဘာမှာ ခုလို အချင်းချင်းတွေကြား မေတ္တာထားတဲ့ စကားလေးတွေ၊ မုဒိတ်ပွားတဲ့စကားလေး တွေကြားရ ဖတ်ရတော့ အတိုင်းအဆ မရှိနိုင်လောက်အောင်ကိုပဲ ပီတိပွားမိတယ်။ ဒီလိုအချိန်အခါမျိုးလေးတွေ ချည်းသာ ထာဝရဖြစ်နေနိုင်ပါစေလို့လည်း ဆုတောင်းမိတယ်။ အမုန်းတရားတွေကြား ဘဝတွေ ကြေပြုန်း ပျက်စီးရ မည့်အစား မေတ္တာတရားတွေအကြား အပြန်ပြန်အလှန်လှန် ဖေးမကူညီရိုင်းပိုင်းမှုတွေသာ ပြန့်ပွားနေမယ်ဆိုလျှင် ကမ္ဘာကြီးဟာ ဘယ်လောက်တောင်မှ နေပျော်ဖွယ် ဖြစ်လိမ့်မလဲလို့လည်း စိတ်ကူးယဉ်ကြည့်မိသေးတယ်။

ပို့စကာဒ်လေးတွေ၊ ချိုမြတဲ့ တေးသီချင်းလေးတွေ ပေးပို့ကြသူအားလုံးကို ကျေးဇူးတင်ပါတယ်။ တုန့်ပြန် စကားအဖြစ် **The same to you** ဆိုတဲ့စကားထက် ပိုပြီးလေးနက်ကာ အဓိပ္ပါယ်ပြည့်ဝတဲ့ စကားမျိုးရှိနိုင်မယ် ဆိုလျှင် ပြောချင်ပါသေးတယ်။ ။

ခရစ်စမတ်နဲ့ နှစ်သစ်အခါသမယမှာ ချမ်းမြေ့သာယာ ရှိပါစေလို့ ဆုတောင်းစကား ပါးလိုက်ပါတယ်။

ဥာဏ်ဦးမောင်
ခရစ်စမတ်ည ၊ သန်းခေါင်ယံ